# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

## ဈေးသာကျေးရွာအုပ်စု၊ ဈေးသာကျေးရွာ

## မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစာအုပ်

(၂၀၂၄ - ၂၀၂၈ )

**ပြုစုရေးဆွဲသူ**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့**

**ဈေးသာကျေးရွာ၊ နတ်မောက်မြို့နယ်**

(သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

*( နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )*

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


**စကားချီး**

ဈေးသာကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်၊ အဖွဲ့အစည်းချိတ်ဆက်မှုဇယား

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

(၁) **နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) **ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) ဖွံ့ဖြိုးရေးမဟာဗျူဟာ

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

**(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ (၂) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့စာရင်း နှင့် မှတ်တမ်းဓါတ်ပုံ ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုကိုယ်တိုင်ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများကို ပံ့ပိုးပေးသည့် **သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပေးသည့် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီမံချက်များ ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုနှင့်အတူ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်း အချက်အလက်များ၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သည့် နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများမှလည်း ရယူရန်လိုအပ်ကြောင်းကို ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသည့် အစီအစဉ်ကို ထပ်မံရရှိသော ကိန်းဂဏန်း အချက်အလက်များနှင့် ဖြည့်စွပ်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများအား မဆောင်ရွက်မီ၊ ဆောင်ရွက်စဲ၊ ဆောင်ရွက်ပြီး အခြေအနေများအား လုပ်ငန်းစဉ်တစ်လျှောက် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ပြဿနာများအား စောင့်ကြည့်ကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း ဖြင့် အပတ်စဉ်အစည်းအဝေးများပြုလုပ်၍ ကျေးရွာလူထုအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွား မည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း မိမိတို့ကျေးရွာအတွက် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၏ ဆောင်ရွက်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

*ဩဂုတ်လ ၊ ၂၀၂၄ ခုနှစ်*

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဈေးသာကျေးရွာ၊ နတ်မောက်မြို့နယ်

## ဈေးသာကျေးရွာသယံဇာတပြမြေပုံ



## ဈေးသာကျေးရွာရာသီခွင်ပြပြက္ခဒိန်





## ဈေးသာကျေးရွာသယံဇာတပြမြေပုံအား ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

- ဈေးသာကျေးရွာအုပ်စု၊ ဈေးသာကျေးရွာတွင် အိမ်ထောင်စုအားဖြင့် (၁၇၇)စုရှိပြီး ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။
- အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။
- ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲပြီး နှစ်စဉ်အသုံးပြုနေရပါသည်။
- ဆက်သွယ်ထားသောကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပါသည်။
- ကျေးရွာတွင် အဓိကလိုအပ်သော လုပ်ငန်းများမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ ပညာရေးကောင်းမွန်စေရန်၊ တစ်နိုင်တစ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရရှိစေရန်၊ လိုအပ်ပါသည်။

## ဈေးသာကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်အား ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

- ဈေးသာကျေးရွာအုပ်စု၊ ဈေးသာကျေးရွာသည် ရာသီအားဖြင့် အပူပိုင်းဒေသတွင် တည်ရှိ၍ နတ်တော်မှ တန်ခူးလအထိနေသာပြီး ကဆုန်လမှ တန်ဆောင်မုန်းလတွင် မိုးအသင့်အတင့်ရွာသွန်းပြီး အသင့်အတင့်အေးတက်သော ရာသီဖြစ်ပါသည်။
- ဈေးသာကျေးရွာသည် နယုန်လမှ တော်သလင်းလအထိ မိုးရာသီဖြစ်၍ လမ်းများဗွက်ထူပြီး သွားလာရခက်ခဲပါသည်။
- တိရစ္ဆာန်ရောဂါများအနေဖြင့် တပေါင်းလနှင့် တန်ခူးလများတွင် ခွာနာ၊ လျှာနာ ရောဂါများဖြစ်တက်ပြီး တိရစ္ဆာန်များအစားအစာရရှိမှုအနေဖြင့် နယုန်လမှ တန်ဆောင်မုန်းလအထိမြက်အစိုများကိုသာကျွေးရပြီး နတ်တော်လမှ ကဆုန်လအထိမှာ မြက်အခြောက်ကိုသာကျွေးမွေးရပါသည်။
- ကျေးရွာလူထုအနေဖြင့် လအကူးအပြောင်းဖြစ်သည့် ဝါဆိုလမှ ဝါခေါင်လတွင် ဝမ်းပျက်၊ ဝမ်းလျောရောဂါများဖြစ်ပွားတက်ပါသည်။

**စျေးသာကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံအား ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

- ♥ စျေးသာကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာအတွင်း၊ အပြင်အဖွဲ့အစည်းအားလုံးနှင့် ချိတ်ဆက်၍ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြောင်းလေ့လာတွေ့ရှိရပါသည်။
- ♥ ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သည့် LOLC နှင့် ဒွန်း အဖွဲ့များသည် ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့နှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ကြောင်းတွေ့ရှိရပါသည်။
- ♥ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ သာရေး/နာရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး၊ ဖွံ့ဖြိုးရေးအစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ကြကြောင်းတွေ့ရှိရပါသည်။

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပူးပေါင်းပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်း အတွေ့အကြုံများ မရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ဖွံ့ဖြိုးရေးရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၊ အစိုးရဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များကို ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် ကျေးလက်ဦးစီးဌာနနှင့် အခြားအဖွဲ့အစည်းများအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်မှုပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်၌ လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

နတ်မောက်မြို့နယ်သည် မြောက်လတ္တီတွဒ် (၂၀) ဒီဂရီနှင့် (၇) မိနစ် မှ (၂၀)ဒီဂရီ (၁၇) မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် (၉၅)ဒီဂရီနှင့် (၁၀) မိနစ်မှ (၉၅)ဒီဂရီ (၄၅) မိနစ် အတွင်း ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၅၇၀) တွင် တည်ရှိပါသည်။ နတ်မောက်မြို့နယ်၏ အကျယ်အဝန်းမှာ (၈၉၁.၉)စတုရန်းမိုင် ရှိပြီး မြို့၏အကျယ်အဝန်းမှာ (၅၇၀၆၂၅) ကေရှိပါသည်။

နတ်မောက်မြို့နယ်၊ ဈေးသာကျေးရွာအုပ်စု၊ ဈေးသာကျေးရွာသည် မြောက်လတ္တီတွဒ် (၂၀)ဒီဂရီ (၃၈)မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် (၉၅)ဒီဂရီ (၄၀)မိနစ်တွင် တည်ရှိပါသည်။

## နယ်နမိတ်

နတ်မောက်မြို့နယ်၏ အရှေ့ဘက်တွင် မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အနောက်ဘက်တွင် မကွေးမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ တောင်ဘက်တွင် မြို့သစ်မြို့နယ်၊ တပ်ကုန်းမြို့နယ် မြောက်ဘက်တွင် ကျောက်ပန်းတောင်းမြို့နယ်တို့နှင့် ထိစပ်နေပါသည်။ နတ်မောက်မြို့နယ်၊ ဈေးသာကျေးရွာအုပ်စု၊ ဈေးသာကျေးရွာသည် မြို့၏ မြောက်ဘက်တွင် တည်ရှိပြီး၊ ရွာ၏ အရှေ့ဘက်တွင် န/လက္ခုပင်ကျေးရွာ၊ ရွာ၏ အနောက်ဘက်တွင် ဇလုပ်ကြီးကျေးရွာ၊ ရွာ၏ မြောက်ဘက်တွင် ကြက်လျှာကျေးရွာ၊ ရွာ၏ တောင်ဘက်တွင် နတ်မောက်မြို့နှင့် ထိစပ်နေပါသည်။

## ရာသီဥတု

နတ်မောက်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းအတွင်း၌ တည်ရှိသောကြောင့် ပူပြင်းခြောက်သွေ့သော ဒေသဖြစ်ပါသည်။ နွေရာသီ၏ အပူချိန် (၁၀၀)ဒီဂရီဖာရင်ဟိုက်နီးပါးရှိပြီး ဆောင်းရာသီတွင် (၆၅) ဒီဂရီမှ (၇၀)ဒီဂရီဖာရင်ဟိုက်အထိ ကျဆင်းလျှက်အပူအအေးလွန်ကဲသော ရာသီဥတုမျိုးဖြစ်ပါသည်။

## မြေမျက်နှာသွင်ပြင်

နတ်မောက်မြို့နယ်၏ မြေမျက်နှာသွင်ပြင် အနေအထားမှာ တောင်မြောက် အနေအထားအရ (၃)ပိုင်း ပိုင်းခြား၍ မြို့နယ်၏ အရှေ့ဘက် ဒေသသည် တောတောင်ထူထပ်သည့် ကုန်းမြင့်ဒေသပိုင်းအထိတည်ရှိပြီး၊ အလယ်ရိုးမတောင်တန်းနှင့် ဆက်နွယ်နေပြီး ပုပ္ပါးတောင်မှ ဆင်းသက်လာသော တောင်တန်းအဖြစ်တွေ့ ရှိရပါသည်။ ယင်းတောင်တန်း၌ သစ်ကြီး၊ ဝါးကြီးများ တည်ရှိပေါက်ရောက်နေသောကြောင့် အစိုးရ သစ်တောကြိုးဝိုင်းအဖြစ် မိတ္ထီလာ သစ်တောကြိုးဝိုင်း၊ တောင်တွင်းကြီးမြို့နယ် သစ်တောကြိုးဝိုင်း ၊ ပျဉ်းမနားမြို့နယ် သစ်တောကြိုးဝိုင်းများနှင့် တစ်ဆက်တည်း တည်ရှိပါသည်။ ထို့ကြောင့် အရှေ့ဘက်ခြမ်း မြေမျက်နှာသွင်ပြင်အနေအထားကို ခြုံ၍ကြည့်လျှင် တောတောင်ထူတပ်၍ တောင်ကုန်း တောင်ကြောများ၊ ကုန်းမြင့်ဒေသများနှင့် ချိုင့်ဝှမ်းများ ပေါများတည်ရှိပါသည်။

**တောရိုင်းတိရိစ္ဆာန်များ**

နတ်မောက်မြို့နယ်အတွင်းရှိ တောရိုင်းတိစ္ဆာန်များမှာ ဖွတ်၊ ပဒတ်၊ ငုံး၊ ခါ၊ ကျီး၊ စာကလေး၊ ရှဉ့်၊ ယုန်၊ လင်းနို့၊ ဆက်ရက်၊ ငှက်ခါး၊ စွန်၊ ဇီးကွက်၊ လင်းစွဲ၊ လင်းမြီးစွဲနှင့် ကြက်တူရွေးတို့ ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ**

နတ်မောက်မြို့နယ်၏ လက်ရှိ သဘာဝပတ်ဝန်းကျင်အခြေအနေ၏ သစ်တောဖုံးလွှမ်းမှုမှာ (၆.၂၈%) ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

နတ်မောက်မြို့နယ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကြိုးဝိုင်းသစ်တော (၃၅၈၃၄.၁၉) ဧက ထိန်းသိမ်းလျှက်ရှိပါသည်။

သစ်တောစိုက်ခင်းတည်ထောင်နိုင်မှုမှာ ပုဂ္ဂလိကကျွန်းစိုက်ခင်း ( ) ဧက၊ သစ်မာ( )ဧက၊ ကျေးရွာ ထင်းစိုက်ခင်း ( )ဧကဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

နတ်မောက်မြို့နယ်အတွင်းပေါက်ရောက်သည့် သဘာဝပေါက်ပင်များ မှာ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ထုံးပေါက်ပင်၊ ဇောင်းပလေး၊ ဇီးဖြူ၊ ဒဟတ်၊ လက်ပံ၊ ကုက္ကိုပင်၊ ရှား၊ တမာပင်များ ပေါက်ရောက်ကြပါသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ဈေးသာကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၇၇)စုရှိပြီး ကျား(၃၁၈)၊ မ(၃၈၆)ဦးဖြင့် လူဦးရေပေါင်း(၇၀၄)ဦး ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစု နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် (၅၂၃)ဦးခန့် ရှိသဖြင့် ဝင်ငွေကောင်းပြီး မိသားစုစားဝတ်နေရေး အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏ အဓိကလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်းမှ ရရှိရလာသော ဝင်ငွေသည် သာမန်အားဖြင့် လျော့နည်းသည်။

ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အဆင်ပြေသောအိမ်ထောင်စု (၄)စု ၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၃၁)စု၊ မပြေလည်သောအိမ်ထောင်စု(၁၀၇)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၃၈)စုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၃၈)စုခန့် ရှိကြောင်းသိရှိရသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် ဆင်းရဲသောမိသားစု (၃၈)စုခန့်ရှိပြီး ဆင်းရဲနွမ်းပါး၍ ထိခိုက်နိုင်ဖွယ် ရှိကြောင်း သိရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အလွန်မပြေလည်သော အိမ်ထောင်စုများမှာ ကျန်းမာရေးနှင့် ဝမ်းစာဖူလုံမှု လိုအပ်ကြောင်း သိရှိရပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျား၊ တီဘီ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါ အနည်းငယ်ဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသူ၊ ရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာနှင့် (၁)မိုင်ခန့်ကွာဝေးသော နတ်မောက်မြို့ပြည်သူ့ဆေးရုံမှ ရရှိနိုင်ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် မူလွန်ကျောင်းရှိ၍ ပညာရေးအခြေအနေ ကောင်းမွန်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပတ်သက်၍ တစ်ပိုင်တစ်နိုင် ကျွမ်းကျင်သူများ ရှိပါသည်။

**(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။ ပညာ ရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ အမျိုးသားအရေအတွက်(၄၅)ဦး အမျိုးသမီး အရေအတွက်(၄၀)ဦး၊ အလယ်တန်းအဆင့်၌ အမျိုးသားအရေအတွက် (၁၆)ဦး၊ အမျိုး သမီး အရေအတွက်မှာ(၁၅)ဦး၊ အထက်တန်းအဆင့်၌ အမျိုးသားအရေအတွက် (၅)ဦး၊ အမျိုးသမီး အရေအတွက်(၁၀)ဦးနှင့် တက္ကသိုလ်အဆင့်တွင် အမျိုးသားအရေအတွက်(၃)ဦး၊ အမျိုးသမီးအရေ အတွက်(၇)ဦး ရှိကြကြောင်းတွေ့ရှိရပါသည်။ မူလတန်းအဆင့်တွင် အမျိုးသားအရေအတွက်သည် အမျိုးသမီးအရေအတွက်ထက် ပိုမိုများပြားကြောင်း၊ အလယ်တန်းအဆင့်တွင် အမျိုးသားအရေ အတွက်သည် အမျိုးသမီးအရေအတွက်ထက် ပိုမိုများပြားကြောင်း၊ အထက်တန်းအဆင့်တွင် အမျိုး သမီးအရေအတွက်သည် အမျိုးသားအရေအတွက်ထက်များပြားကြောင်း၊ တက္ကသိုလ်အဆင့်တွင် အမျိုးသမီးအရေအတွက်နှင့် အမျိုးသားအရေအတွက်ထက် များပြားကြောင်းတွေ့ရှိရပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်း (၅) ဖွဲ့ရှိသည်။ ၄င်းအဖွဲ့အစည်းများ သည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျှက်ရှိပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှုများ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားများနှင့်ပတ်သက်၍ လေ့လာမှု အားကောင်းပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မြေပဲ၊ နှမ်း၊ ပဲစဉ်းငုံ နှင့် ပဲတီစိမ်း၊ ဝါနှင့် ပြောင်းသီးနှံများကို အဓိကထား စိုက်ပျိုးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးသော်လည်း အလုပ်သမားများကို ငှားရမ်းရရှိနိုင်မှု နည်းပါးသည်။ သီးနှံမျိုးစေ့ ဈေးနှုန်းမြင့်မားခြင်း၊ မြေဩဇာ ဈေးနှုန်းမြင့်မားခြင်း၊ သီးနှံပေါ်ချိန်တွင် သီးနှံဈေးနှုန်းများကျဆင်းခြင်းနှင့် ဈေးကွက်အသိပညာအားနည်းခြင်းတို့ကြောင့် တောင်သူများသည် ဝင်ငွေနှင့်ထွက်ငွေ မညီမျှမှုများ ကြုံတွေ့ရပါသည်။

ကျေးရွာတွင် ကြက်မွေးမြူသည့် အိမ်ထောင်စု (၁၇၇)စု၊ ဝက်မွေးမြူသောအိမ်ထောင်စု (၅၀)စု၊ ဆိတ်မွေးမြူသည့်အိမ်ထောင်စု(၆)စုနှင့် ခိုင်းနွားမွေးမြူသည့် အိမ်ထောင်စု (၁၇၀)စု ရှိပြီး လယ်ယာလုပ်ငန်းအတွက် အသုံးပြုရန်သာ မွေးမြူကြသည်။ နည်းပညာဝန် ဆောင်မှုရရှိနိုင်ရန် စိုက်/မွေး သင်တန်းများပို့ချပေးသင့်ပါသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများ အနေဖြင့် ကျေးရွာတွင် စားကျက်မြေ နည်းပါးခြင်း၊ ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေများ ရရှိပါက ပိုမိုမွေးမြူနိုင်ကြမည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အဆင်မပြေသောမိသားစုများအချို့မှာ ကျပန်းလုပ်ငန်းများ လုပ်ကိုင်လျှက်ရှိသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ ပန်းရံ၊ လက်သမား၊ စက်ချုပ်လုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိပါသည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်း အချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြပါသည်။ အပ်ချုပ်၊ ဆံပင်အလှပြင် စသည်တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်း ပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ် သင်ကြားကြသည်။

### (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ အခါအားလျော်စွာ မိုးခေါင်ခြင်းကလည်း သဘာဝဘေးအန္တရာယ်တစ်ခု အနေဖြင့် တွေ့ကြုံနေရဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ် အတိုးနှုန်း (၁ မှ ၂ )ကျပ်တိုး၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး အတိုင်းအတာမှာ ၅၄၀၀ စတုရန်းပေ ရှိပါသည်။ ကျောင်းတွင် ပရိဘောဂများ လိုအပ်လျှက်ရှိပါသည် ။ အစိုးရခန့် ဆရာ(၃)ဦး၊ ဆရာမ (၃) ဦး ရှိပြီး ကျောင်းတွင် မူလတန်းကျောင်းသား/သူဦးရေပေါင်း (၈၅)ဦးနှင့် အလယ်တန်းကျောင်းသား/သူဦးရေပေါင်း (၃၁)ဦး အထက်တန်းကျောင်းသား/သူ ဦးရေပေါင်း (၁၅)ဦးနှင့် တက္ကသိုလ် ကျောင်းသား/သူ ဦးရေပေါင်းး(၁၀)ဦး ရှိပါသည် ။

ကျေးရွာတွင် ကိုယ်ပိုင်အဝီစိတွင်း(စက်တပ်) (၁၂၂)တွင်းရှိပြီး ၎င်းတွင်းများမှ ရေကို သောက်သုံးရေအဖြစ် အသုံးပြုပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ ဆောက်လုပ်ထားပြီး ကျောင်းသူ/ သား များအတွက် အသုံးပြုရန် လွယ်ကူပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်နေရာ သီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး၊ လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက် လိုအပ်လျက်ရှိပေသည်။

**(ဇ) အခြေခံ အဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် တရွာလုံး လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ ကျေးရွာတွင်း လမ်းအများစုမှာ မြေသားလမ်းများဖြစ်ပြီး သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး (၅၇) ၊ မော်တော်ဆိုင်ကယ် (၁၅၂)စီး၊ သုံးဘီးဆိုင်(၄)၊ ထော်လာဂျီ(၁)စီး၊ ကား (၂)စီးနှင့် နွားလှည်း (၄၃) စီး တို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အားနည်းလျက်ရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ကျေးရွာသူ/သားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် အင်တာနက်ဆက်သွယ်မှု အားနည်းလျက်ရှိပေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့် ရေးဆွဲထားခြင်း မရှိပါ။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှာရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် နတ်မောက်မြို့နှင့် (၁)မိုင်ခန့်သာ ဝေးကွာသောကြောင့် ဖွံ့ဖြိုးမှု အသင့်တင့်ကောင်းမွန်ပါသည်။

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး နတ်မောက်မြို့ အထက်တန်းကျောင်းနှင့် နီးသောကြောင့် လူငယ်ပညာတတ်များပြား၍ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ချိတ်ဆက် အသုံးပြု နိုင်သည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများအနေဖြင့် သဲ၊ ကျောက် အနည်းငယ်ထွက်ရှိပါသည်။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြင့်အောင် အားစိုက်ရ

ပေမည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှု ပေးသောစနစ်လည်းမရှိခြင်း၊ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ ဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များကို ဖြည့်စွက်ရာတွင် အခက်အခဲများကြုံတွေ့ရတတ်သည်။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန် လုပ်ငန်းမရှိ သဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

**(က.၁)** ကျွန်ုပ်တို့ကျေးရွာသည် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။

**(က.၂)** ကျွန်ုပ်တို့ကျေးရွာသည် ကျန်ရှိသော ရွာလယ်လမ်းမကြီးနှင့် ကျန်ရှိသော လမ်းသွယ်များကို ဆက်လက်၍ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားပါမည်။

**(က.၃)** ကျွန်ုပ်တို့ကျေးရွာသည် ကုန်ထုတ်လုပ်ရာတွင် သွားလာရခက်ခဲသည့်အတွက် ကျေးလက်ကုန်ထုတ်လမ်း တည်ဆောက်သွားပါမည်။

**(က.၄)** ကျွန်ုပ်တို့ကျေးရွာသည် အမျိုးသမီးများကို အိုးမကွာ၊ အိမ်မကွာ ဝင်ငွေရရှိစေရေးအတွက် အသက်မွေးကျောင်းအထောက်အကူပြုစေမည့် အခြေခံစက်ချုပ်သင်တန်းကို ပို့ချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(က.၅)** ကျွန်ုပ်တို့ကျေးရွာသည် ကျေးရွာရှိ လူငယ်များကို အိုးမကွာ၊ အိမ်မကွာ ဝင်ငွေရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေမည့် လက်သမား၊ ပန်းရံနှင့် ဆိုင်ကယ်ပြင်သင်တန်းများကိုလည်း ပို့ချနိုင်ရန် ဆောင်ရွက်သွားပါမည်။

### (ခ) ဖွံ့ဖြိုးရေးမဟာဗျူဟာ

ကျွန်ုပ်တို့ကျေးရွာသည် ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာလူထုမှ ရေးဆွဲဖော်ထုတ်ထားသည့် နှစ်အလိုက် ဦးစားပေးစီမံချက်များကို ဘဏ္ဍာရေးနှစ်အလိုက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ဦးစားပေးအဆင့်အလိုက် တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။ ကျေးရွာလူထုမှလည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်

လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ် ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း အုပ်စုသတ် မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာန များ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြား များကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi -cation) တွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် နှင့်လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်အမည် | ၂၀၂၄-၂၅ | ၂၀၂၅-၂၆ | ၂၀၂၆-၂၇ | ၂၀၂၇-၂၈ | ၂၀၂၈-၂၉ |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း | √ | | | | |
| ၂ | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း( ကျန်ရှိလမ်းများ) | | √ | | | |
| ၃ | ကုန်ထုတ်လမ်းတည်ဆောက်ခြင်း | | | √ | | |
| ၄ | အခြေခံစက်ချုပ်သင်တန်း | | | | √ | |
| ၅ | လက်သမား၊ပန်းရံ၊ဆိုင်ကယ်ပြင် သင်တန်း | | | | | √ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**(အကြမ်းတွက်ချက်မှုများသာဖြစ်ပါသည်– သတ်ဆိုင်ရာဌာနများမှ နည်းပညာအကူအညီနှင့် အသေးစိတ်တွက်ချက်မှု၊ အကြံပြုချက်များတောင်းဆိုပါသည်)

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင် အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး အဖွဲ့သည်ပေါင်းစပ်ညှိ နှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်သည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန် ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စ များကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင် မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု ပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန် မှာကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနများက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိ မည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာ အလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်မည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကိုရိုးရှင်း လွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ် စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူး ပေါင်းဆောင်ရွက်ရန်ပမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက် ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

